PRESS RELEASE

U.S. EMBASSY RANGOON

110 University Avenue, Kamayut Township, Rangoon, Burma

အမေရိကန်အဆင့်မြင့်ပညာရေးအဖွဲ့၏ခရီးစဉ်မှ ပညာရေးနှင့် ကျောင်းသားလဲလှယ်ရေးအစီအစဉ်များ ပေါ်ထွက်လာ

မတ် ၅၊ ၂၀၁၃။ ။ အမေရိကန်နိုင်ငံခြားရေးဌာန၏ ပညာရေးဆိုင်ရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး မီဂန်ကားတစ္စသည် နိုင်ငံတကာပညာရေးသိပ္ပံ၏ အမှုဆောင်အရာရှိချုပ်နှင့် ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာ အယ်လန် ဂွတ်ဒ်မန်းအပါအဝင် အမေရိကန်တက္ကသိုလ် ၁၀ ခုမှ ကိုယ်စားလှယ်များနှင့်အတူ အဆင့်မြင့်ပညာရေးကဏ္ဍတွင် လက်တွဲလုပ်ကိုင်သွားနိုင်မည့် အလားအလာ၊ အခွင့်အလမ်းများကို ရှာဖွေရန်အတွက် သမိုင်းဝင်ခရီး လာရောက်ခဲ့ပါသည်။ ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၅ မှ မတ် ၁ အတွင်း ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ တက္ကသိုလ်တာဝန်ရှိသူများ၊ အစိုးရအရာရှိများနှင့်တွေ့ဆုံကာ ကျောင်းသားလဲလှယ်ရေးနှင့် ပညာရှင်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအသစ်များအတွက် နည်းလမ်းများကို ဆွေးနွေးခဲ့ပါသည်။

ယင်းဆွေးနွေးမှုများ၏ တစ်စိတ်တစ်ဒေသအဖြစ် နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ် သင်ကြားရေးဆရာ၊ ဆရာမများ၊ အုပ်ချုပ်ရေးမှူးများနှင့် အစိုးရအရာရှိများအား ဖူးလ်ဘရိုက်ပညာသင်ဆုလျှောက်ထားကာ အမေရိကန်ပြည်ထောင်စုတွင် မဟာဘွဲ့ဆည်းပူးရန်အတွက် တိုက်တွန်းပြီး နိုင်ငံခြားရေးဌာနက ကြေငြာဆိုကြောင်းကို ဒုတိယလက်ထောက်ဝန်ကြီး မီဂန်ကားတစ္စက မတ် ၁ တွင် ကြေညာခဲ့ပါသည်။ ယင်းနှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက သံရုံး၏ ဝက်ဘ်ဆိုက်စာမျက်နှာဖြစ်သော http://burma.usembassy.gov/scholarships.html တွင် ကျေးဇူးပြုပြီး ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ယင်းကြေညာချက်သည် အမေရိကန်တက္ကသိုလ်၊ အရီဇိုးနားပြည်နယ်တက္ကသိုလ်၊ ဘောလ်ပြည်နယ်တက္ကသိုလ်၊ ဟာဗိုင်အီပစိဖိတ်တက္ကသိုလ်၊ မြောက်အရီဇိုးနားတက္ကသိုလ်၊ မြောက်အီလီနွိုင်းတက္ကသိုလ်၊ ရပ်ဂါးတက္ကသိုလ်၊ ဆမ်ဖို့ဒ်တက္ကသိုလ်၊ မက်ဆာချူးဆက်-လိုဂဲလ်တက္ကသိုလ်နှင့် ဝါရင်တန်တက္ကသိုလ်တို့၏ တက္ကသိုလ်များဦးဆောင်သော အစီအစဉ်များနှင့်ပတ်သက်သည့် ကြေညာချက်နှင့် တိုက်ဆိုင်စွာပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။ ယင်းအစီအစဉ်များမှာ

- မြန်မာနိုင်ငံအတွင်းရှိ တက္ကသိုလ်စာကြည့်တိုက်များကို ကူညီရန်အတွက် အမေရိကန်တက္ကသိုလ်လေးခုက အကျိုးတူမိတ်ဖက်အဖွဲ့အစည်းတစ်ခုဖွဲ့စည်းရန် ဆုံးဖြတ်ခြင်း၊

- တက္ကသိုလ်များရှိ သင်ကြားရေးစာကြည့်တိုက်များ ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် စာကြည့်တိုက်မှူးများအား တစ်လတာကာလအထိ လက်ခံ၍ စာကြည့်တိုက်ပညာဖြန့်ဝေပေးရန် တက္ကသိုလ်သုံးခုက သဘောတူခြင်း၊

- လာမည့်နှစ်တွင် သင်ကြားရေး ဆရာ၊ ဆရာမ လေးဦးကို မြန်မာနိုင်ငံသို့စေလွှတ်၍ သင်ခန်းစာပို့ချပေးရန်အတွက် မြောက်အီလီနွိုင်းတက္ကသိုလ်က ကုန်ကျစရိတ်အပြည့်အဝအား ပံ့ပိုးကူညီပေးရန်ရှိခြင်း၊

- မြန်မာခရစ်ယန်ဓမ္မတက္ကသိုလ်ရှိ နည်းပညာစွမ်းရည် အဆင့်မြှင့်တင်ပေးရန်အတွက်ဆမ်ဖို့ဒ်တက္ကသိုလ်က ယင်းတက္ကသိုလ်၏ နည်းပညာကျွမ်းကျင်သူဆရာတစ်ဦး စေလွှတ်ကူညီပေးခြင်းတို့ ဖြစ်ကြပါသည်။

###